2023 - 2024

CITIZEN'S BUDGET

၂၀၂၃ - ၂၀၂၄၊ ဘဏ္ဍာရေးနှစ်

အရအသုံးခန့်မှန်းခြေ

ငွေစာရင်းဆိုင်ရာအချက်အလက်များ

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်

အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များစာစောင်

(Citizen's Budget)

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

			စာမျက်နှာ
	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်		
	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်		
	ဥယျောဇဉ်		
	Citizen's Budget ဆိုတာဘာလဲ		၁
အပိုင်း(၁)	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် စီးပွားရေးနှင့်ဘဏ္ဍာရေးကောက်နုတ်ချက်		၂
	၁။	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ စီးပွားရေးအခြေအနေခန့်မှန်းချက် အကျဉ်းချုပ်	၂
	၂။	၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ရငွေ၊ သုံးငွေများ	၃
	၃။	၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)	၄
	၄။	၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အထိ ပြည်ထောင်စု၏ရငွေ၊ သုံးငွေ၊ လိုငွေ၊ အခွန်နှင့်GDP အချိုးများနှင့် စီးပွားရေး တိုးတက်မှုနှုန်း	၄
	၅။	မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေနှင့်ရှေ့အလားအလာများ	၅-၆
	၆။	ဘဏ္ဍာရေးမူဝါဒ	၇-၈
	၇။	ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဥပဒေပြဋ္ဌာန်းခြင်းအစီအစဉ်	၉
အပိုင်း(၂)	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း		၁၀
	၁။	ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေငွေစာရင်း	၁၀
	၂။	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏သာမန်၊ငွေလုံးငွေရင်းနှင့်ကြွေးမြီ ရငွေများခန့်မှန်းချက်	၁၁
	၃။	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ရငွေရရှိမှုရာခိုင်နှုန်း	၁၂
	၄။	ပြည်ထောင်စု၏ကောက်ခံရရှိမည့်အခွန်ခေါင်းစဉ်ကြီးလေးမျိုးအား၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တို့၏ မူလခန့်မှန်းခြေနှိုင်းယှဉ်ပြပုံ	၁၂
	၅။	ပြည်ထောင်စု၏ကောက်ခံရရှိမည့်အခွန်အကောက်ရငွေခန့်မှန်းချက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့်၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တို့၏မူလခန့်မှန်းခြေ နှိုင်းယှဉ်ပြဇယား	၁၃
	၆။	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏သာမန်၊ငွေလုံးငွေရင်းနှင့်ကြွေးမြီ သုံးငွေများခန့်မှန်းချက်	၁၄
	၇။	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ စုစုပေါင်း အသုံးစရိတ်တွင် ဌာန အဖွဲ့အစည်းအုပ်စုအလိုက် ပါဝင်မှုရာခိုင်နှုန်း	၁၅
	၈။	ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်တွင် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ အသုံးစရိတ်များ ပါဝင်မှုရာခိုင်နှုန်း	၁၅

မာတိကာ

			စာမျက်နှာ
အပိုင်း(၃)		**နိုင်ငံတော်၏ကြွေးမြီအခြေအနေ**	**၁၆**
	၁။	ပြည်တွင်းပြည်ပကြွေးမြီအခြေအနေ	၁၆
အပိုင်း(၄)		**၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အသုံးစရိတ် ကောက်နုတ်ချက်များ**	**၁၇**
	၁။	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အသုံးစရိတ်မှ ကောက်နုတ်ချက်	၁၇-၂၂
	၂။	လျှပ်စစ်ကဏ္ဍ၊ မြန်မာတစ်နိုင်ငံလုံးတွင်မီးလင်းပြီးနှင့် မီးလင်းရန်ကျန်ရှိအခြေအနေ	၂၂
အပိုင်း(၅)		**၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**	**၂၃**
	၁။	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏အသုံးစရိတ်တွင်ပါဝင်သည့်ရာခိုင်နှုန်း	၂၃
	၂။	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ဆိုင်ရာအချက်အလက်များ	၂၃
	၃။	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ ဘဏ္ဍာရေးနှစ်အလိုက် အခွန်နှင့် ထည့်ဝင်ငွေအခြေအနေ	၂၄
	၄။	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်	၂၅
အပိုင်း(၆)		**၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေ ငွေစာရင်း**	**၂၆**
	၁။	တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းချက်	၂၆
	၂။	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များ၏ရငွေ (ပြည်ထောင်စုမှလိုငွေဖြည့်ဆည်းပေးပြီး) အခြေအနေ	၂၇
	၃။	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များ၏ (ပြည်ထောင်စုမှ လိုငွေဖြည့်ဆည်းမပေးမီ) သာမန်၊ ငွေလုံးငွေရင်းနှင့် ကြွေးမြီရငွေ အခြေအနေ	၂၈
	၄။	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များ၏သာမန်၊ငွေလုံးငွေရင်း နှင့် ကြွေးမြီအသုံးစရိတ် အခြေအနေ	၂၉
	၅။	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းထောက်ပံ့ခြင်း	၃၀
အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍စုံစမ်းနိုင်သည့်ဖုန်းနံပါတ်များ			**၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေး ထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင် ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက် များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက် အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်း များကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင် ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့ နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင် နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင် ရွက်ရေး။

ဥယျောဇဉ်

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ၂၁-၃-၂၀၂၃ ရက်တွင် ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) ၌ အတည်ပြုခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ၃၁-၃-၂၀၂၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်၊ ၁၉/၂၀၂၃ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

၂။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေး ဦးတည်ချက်များ၊ လူမှုရေးဦးတည်ချက်များနှင့်အညီ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် စေရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ နိုင်ငံ့ စီးပွားမြှင့်တင်ရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးမြှင့်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာစေရေးတို့အတွက် သက်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် အကောင်အထည်ဖော် ဆောင်ရွက် ရမည့် လုပ်ငန်းစီမံကိန်းများအတွက် အသုံးစရိတ်များနှင့် နိုင်ငံတော်က ရယူထားသည့် ပြည်ပ ချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် တာဝန်သိနိုင်ငံအဖြစ် ခံယူရပ်တည်ပြီး အချိန်စေ့ရောက်သော အရင်းအတိုးများကို ပေးဆပ်နိုင်စေရန် ဦးစားပေး လျာထားပါသည်။

၃။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် အသုံးစရိတ်များကို နိုင်ငံတော် ဘတ်ဂျက်တွင် ထည့်သွင်းလျာထားသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများကို ထူထောင်ပေးထားပြီး ရင်းနှီးမြှုပ်နှံငွေလိုအပ်ချက်များကို ဖြည့်ဆည်းထောက်ကူဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း လျာထား သည့် ရငွေများကို အပြည့်အဝကောက်ခံရရှိစေရန်နှင့် ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို (၃) လပတ်အလိုက်၊ (၆)လပတ်အလိုက် ခွဲခြားပြီး သုံးစွဲမှုအနေအထားကို စနစ်တကျစိစစ် ကြပ်မတ်၍ စောင့်ကြည့် သုံးသပ်သုံးစွဲရန်လိုအပ်ပြီး သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း၊ တင်ဒါလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ အသုံးစရိတ်သုံးစွဲမှုတိုင်းအတွက် ဌာနတွင်း စာရင်းစစ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ စစ်ဆေးမှုကို ခံယူနိုင်ရန် စနစ်တကျ စာရင်းပြုစုထားရမည် ဖြစ်ပါသည်။

၅။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို အခြေခံ၍ ပြည်ထောင်စု၏ ဘတ်ဂျက်ဆိုင်ရာ အချက်အလက်များကို ပြည်သူများသိရှိနိုင်ရန်အလို့ငှာ ဤ Citizen's Budget စာစောင်ဖြင့် အကျဉ်းချုပ် ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

Citizen's Budget
2023 - 2024

Citizen's Budget ဆိုတာဘာလဲ...

Citizen's Budget ဆိုသည်မှာ နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးမူဝါဒ၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ၊ အခွန်အကောက်ရငွေ၊ စုစုပေါင်းအသုံးစရိတ်၊ ဘတ်ဂျက်လိုငွေ၊ ပြည်ပအကူအညီရငွေနှင့် ချေးငွေအခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက် စသည်တို့ကို ရှင်းလင်းလွယ်ကူစွာ သိမြင်နိုင်စေရန် အနှစ်ချုပ်ပြုစုတင်ပြသည့် စာစောင်ပင်ဖြစ်ပါသည်။

အပိုင်း(၁)
၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် စီးပွားရေးနှင့် ဘဏ္ဍာရေးကောက်နုတ်ချက်

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ စီးပွားရေးအခြေအနေခန့်မှန်းချက် အကျဉ်းချုပ်

- စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) — ကျပ် ၁၃၈,၁၉၅.၇၀၃ ဘီလီယံ
- စီးပွားရေးတိုးတက်မှုနှုန်း — ၄.၁၀%
- ပြည်ထောင်စု၏စုစုပေါင်းရငွေ — ကျပ် ၂၅,၃၆၄.၃၆၄ ဘီလီယံ
- ပြည်ထောင်စု၏စုစုပေါင်းအသုံးစရိတ် — ကျပ် ၃၃,၁၇၅.၀၅၃ ဘီလီယံ
- ပြည်ထောင်စု၏စုစုပေါင်းလိုငွေ — ကျပ် ၇,၈၁၀.၆၈၉ ဘီလီယံ
- လိုငွေနှင့် ဂျီဒီပီအချိုး — ၅.၆၅%
- ပြည်ထောင်စု၏စုစုပေါင်းအခွန်အကောက်ရငွေ — ကျပ် ၈,၀၅၂.၁၀၅ ဘီလီယံ
- အခွန်အကောက်ရငွေနှင့်ဂျီဒီပီအချိုး — ၅.၈၃ %
- ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းခြင်း — ကျပ် ၁,၉၈၁.၂၀၁ ဘီလီယံ
- ပြည်ပပို့ကုန်တန်ဖိုးခန့်မှန်းချက် — အမေရိကန်ဒေါ်လာ ၁၆,၅၀၀ သန်း
- ပြည်ပသွင်းကုန်တန်ဖိုးခန့်မှန်းချက် — အမေရိကန်ဒေါ်လာ ၁၆,၀၀၀ သန်း
- ကုန်သွယ်မှုပိုငွေ ခန့်မှန်းချက် — အမေရိကန်ဒေါ်လာ ၅၀၀ သန်း
- ဘဏ္ဍာရေးနှစ်အတွင်း အများဆုံးချေးယူနိုင်သည့်ပမာဏ **ကျပ် ၁၀,၀၀၀ ဘီလီယံ** ထက် မပိုရန်။
- ဘတ်ဂျက်ရေးဆွဲရာ၌ အမေရိကန်ဒေါ်လာ **တစ်ဒေါ်လာ**၏ ငွေကြေးလဲလှယ်နှုန်း **၂,၁၀၀ ကျပ်**
- လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) နှစ်အလိုက်ဈေးနှုန်းအရ — ကျပ် ၂,၄၅၇,၁၁၈ ဖြစ်ပေါ်လာရန်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ

ပြည်ထောင်စု၏ ရငွေ၊ သုံးငွေများ

(ကျပ်သန်းပေါင်း)

စဉ်	ဘဏ္ဍာရေးနှစ် (ရွေ့ပြေးအမှန်)	ရငွေ	သုံးငွေ	ပိုငွေ (+)/ လိုငွေ (-)	လိုငွေနှင့် ဂျီဒီပီအချိုး
၁	၂၀၁၁-၂၀၁၂	၆,၅၀၄,၇၀၈.၆၆၆	၈,၂၁၂,၄၇၇.၆၄၈	-၁,၇၀၇,၇၆၈.၉၈၂	၃.၆၆%
၂	၂၀၁၂-၂၀၁၃	၁၃,၁၉၇,၂၃၂.၀၄၅	၁၃,၆၃၀,၀၀၃.၆၁၇	-၄၃၂,၇၇၁.၅၇၂	၀.၈၅%
၃	၂၀၁၃-၂၀၁၄	၁၄,၁၅၅,၄၆၇.၅၁၀	၁၄,၉၁၀,၆၈၁.၃၄၀	-၇၅၅,၂၁၃.၈၃၀	၁.၂၇%
၄	၂၀၁၄-၂၀၁၅	၁၆,၈၃၁,၂၄၄.၂၇၁	၁၇,၆၁၃,၃၇၃.၆၇၄	-၇၈၂,၁၂၉.၄၀၃	၁.၁၈%
၅	၂၀၁၅-၂၀၁၆	၁၆,၆၅၁,၃၄၄.၅၀၀	၁၉,၆၅၆,၃၈၇.၀၅၈	-၃,၀၀၅,၀၄၂.၅၅၈	၄.၁၀%
၆	၂၀၁၆-၂၀၁၇	၁၆,၉၉၀,၀၀၇.၅၉၀	၁၈,၈၈၂,၆၄၄.၁၈၃	-၁,၈၉၂,၆၃၆.၅၉၃	၂.၃၃%
၇	၂၀၁၇-၂၀၁၈	၁၇,၇၈၁,၈၁၉.၁၇၅	၂၀,၁၇၆,၅၄၁.၅၆၄	-၂,၃၉၄,၇၂၂.၃၈၉	၂.၆၅%
၈	၂၀၁၈ (၆)လ	၉,၁၇၃,၆၈၇.၄၀၆	၉,၅၆၆,၆၃၉.၆၆၂	-၃၉၂,၉၅၂.၂၅၆	၁.၂၀%
၉	၂၀၁၈-၂၀၁၉	၂၁,၅၄၄,၅၃၀.၇၆၀	၂၄,၇၄၅,၁၃၄.၁၉၀	-၃,၂၀၀,၆၀၃.၄၃၀	၃.၀၄%
၁၀	၂၀၁၉-၂၀၂၀	၂၅,၁၈၇,၃၉၂.၅၂၇	၃၂,၂၁၁,၈၈၆.၆၉၁	-၇,၀၂၄,၄၉၄.၁၆၄	၆.၂၃%
၁၁	၂၀၂၀-၂၀၂၁	၁၇,၅၁၁,၁၇၈.၀၈၈	၂၅,၆၉၂,၉၇၂.၉၉၆	-၈,၁၈၁,၇၉၄.၉၀၈	၇.၅၆%
၁၂	၂၀၂၁-၂၀၂၂ (၆) လ	၁၂,၄၀၅,၈၆၀.၈၈၁	၁၄,၀၄၈,၃၄၆.၈၁၈	-၁,၆၄၂,၄၈၅.၉၃၇	၂.၁၉%
၁၃	၂၀၂၂-၂၀၂၃ (ပြုပြင်ပြီးခန့်မှန်းခြေ)	၂၄,၈၃၈,၅၂၀.၉၇၉	၃၂,၈၂၁,၃၄၄.၂၅၀	-၇,၉၈၂,၈၂၃.၂၇၁	၆.၄၁%
၁၄	၂၀၂၃-၂၀၂၄ (မူလခန့်မှန်းခြေ)	၂၅,၃၆၄,၃၆၄.၂၅၈	၃၃,၁၇၅,၀၅၃.၃၃၀	-၇,၈၁၀,၆၈၉.၀၇၂	၅.၆၅%

၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)

အကြောင်းအရာ	၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ)	၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ)	၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလ)	၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ မတ်လ)	၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (နှစ်ကုန်ခန့်မှန်းခြေ) (ဧပြီလမှ မတ်လ)	၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (အမျိုးသားစီမံကိန်း) (ဧပြီလမှ မတ်လ)
နှစ်အလိုက်ဈေးနှုန်းအရ						
တန်ဖိုး (ကျပ်သန်းပေါင်း)	၁၀၅,၂၅၈,၅၀၀.၈	၁၁၂,၇၆၉,၇၂၄.၆	၁၀၈,၂၀၅,၇၂၄.၀	၇၅,၀၄၄,၆၆၃.၃	၁၂၅,၃၃၆,၈၃၃.၃	၁၃၈,၁၉၅,၇၀၃.၀
ပုံမှန်ဈေးနှုန်းအရ						
တန်ဖိုး (ကျပ်သန်းပေါင်း)	၈၉,၁၄၇,၃၄၁.၄	၉၁,၉၇၁,၆၃၂.၇	၈၆,၅၆၁,၈၂၄.၆	၅၆,၇၂၆,၄၄၉.၉	၉၀,၈၄၃,၇၃၅.၉	၉၄,၅၃၀,၅၄၆.၅
တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	၆.၈%	၃.၂%	-၅.၉%	၂.၄%	၃.၄%	၄.၁%

၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု၏ ရငွေ၊ သုံးငွေ၊ လိုငွေ၊ အခွန်နှင့် GDP အချိုးများနှင့် စီးပွားရေးတိုးတက်မှုနှုန်း



မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေနှင့် ရှေ့အလားအလာများ

၁။ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်မှုအရှိန် ပြန်လည်ကောင်းမွန်လာခြင်း၊ ပို့ကုန်တန်ဖိုးမြင့်တက်ခဲ့ခြင်း၊ ခရီးသွားလာမှုနှင့် ကုန်စည်တင်ပို့မှု မြင့်တက်ခဲ့ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပြန်လည်ကောင်းမွန်လာခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်ခဲ့ခြင်းနှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာခြင်းတို့ကို တွေ့ရှိရပါသည်။

၂။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၃၈,၁၉၅,၇၀၃.၀ သန်း ရရှိရန်နှင့် စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၄.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။ ကဏ္ဍကြီးများ အလိုက် စီးပွားရေးတိုးတက်မှုနှုန်းကို လယ်ယာကဏ္ဍကြီးတွင် ၂.၄ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃.၄ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၃။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေလုံလောက်စွာ တိုးတက် ပေးဝေ နိုင်ရန် ဆောင်ရွက်ဆဲရေလှောင်တမံစီမံကိန်းများ၊ ရေထိန်းတံခါးများ တည်ဆောက်ရေးလုပ်ငန်း၊ နှစ်စဉ် ရေလွှမ်းမိုးမှုမှ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းများ၊ မြစ်ရေတင် စီမံကိန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ထို့ပြင် ဈေးကွက်ဝင် အထွက်ကောင်းသီးနှံမျိုးများ ထုတ် လုပ်ရန်၊ စားသုံးမှုဖူလုံစေရေး၊ ပို့ကုန်မြင့်တက်စေရေးနှင့် တောင်သူများဝင်ငွေ တိုးတက်စေရေးတို့အတွက် စပါး၊ နေကြာ၊ ပဲအမျိုးမျိုးနှင့် ချည်မျှင်ရှည်ဝါများ တိုးချဲ့စိုက်ပျိုးရန်၊ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပေး ရန်၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရန်ရည်မှန်းထားပါသည်။ သားငါးကဏ္ဍတွင် တိရစ္ဆာန်ရောဂါ ကာကွယ်ကုသခြင်း၊ ရေမြေ ဒေသသဘာဝနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များမွေးမြူရန်၊ ကောင်းမွန် သော တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေး ကျင့်စဉ်များကိုလိုက်နာဆောင်ရွက်ရန်၊ မေထုန်မဲ့သားစပ်ခြင်း ဆောင် ရွက်ရန်၊ ငါးသယံဇာတ တိုးပွားစေရေးအတွက် ငါးသားပေါက်စခန်းများမှ ၂ လက်မအရွယ် ငါးသားပေါက်များ ငါးမျိုးစိုက်ထည့်ဆောင်ရွက်ရန်၊ သစ်တောကဏ္ဍတွင် သစ်တောစိုက်ခင်း တည်ထောင်စိုက်ပျိုးရန်၊ ကျွန်းနှင့် သစ်မာများကို နှစ်စဉ်တောထွက်ပမာဏအပေါ် အခြေခံ၍ ထုတ်လုပ်ရန် လျာထားပါသည်။

၄။ စက်မှုကဏ္ဍကြီးတွင် စွမ်းအင်ကဏ္ဍ၌ သဘာဝသယံဇာတများကို ရေရှည်ထိန်းသိမ်းလျက် လူမှု ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသော စွမ်းအင်ထုတ်လုပ်ရန်၊ သတ္တုနှင့်တွင်းထွက် ပစ္စည်းကဏ္ဍတွင် သံသတ္တုရိုင်း၊ ဖယ်ရိုနီကယ်၊ ခဲနှင့်ရောရာသတ္တုရိုင်းနှင့် ကျောက်မီးသွေးတို့ အပါအဝင် တည်ဆောက်ရေး လုပ်ငန်းများတွင်အသုံးပြုရန် သဲ၊ ကျောက်စရစ်၊ ကျောက်မာနှင့် လမ်းခင်းကျောက်တို့ကို ထုတ်လုပ်ရန် လျာထားပါသည်။ စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်စက်မှု လုပ်ငန်းများအား ထုတ်ကုန်များ အရည်အသွေး ကောင်းမွန်စေရေးနှင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီစေရေး ဆောင်ရွက်ရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဈေးကွက်၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးများ

ကို နိုင်ငံတော်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများထံမှ အကူအညီအထောက်အပံ့ ရရှိနိုင်ရန်နှင့် လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ဓာတ်အားပေးစက်ရုံသစ်များ တိုးချဲ့ တပ်ဆင်ရန် အပါအဝင် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်သူ အိမ်ထောင်စုပေါင်း ၇.၃ သန်း၊ ရာခိုင်နှုန်းအားဖြင့် တစ်နိုင်ငံလုံးအိမ်ထောင်စုဦးရေ၏ ၆၇ ရာခိုင်နှုန်းအထိ ဓာတ်အားရရှိရေးဆောင်ရွက်ရန် လျာထားပါသည်။ ဆောက်လုပ်မှုကဏ္ဍတွင် ပြည်ထောင်စုလမ်းမကြီးများ၊ တံတားများ တိုးတက်ပြုပြင်ခြင်းနှင့် အဆင့်မြှင့် တင်ခြင်း၊ ကျေးလက်လမ်း၊ တံတားများကို ရာသီမရွေး သွားလာနိုင်ရန် အသစ်ဖောက်လုပ်ခြင်း၊ ပြည်သူ့ အငှားအိမ်ရာစီမံကိန်း၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းစသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားပါသည်။

၅။ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေးဝန်ဆောင်မှုများ တိုးတက်စေရေး၊ ဆက်သွယ်ရေးကွန်ရက်များ ပိုမိုဖြန့်ကျက်နိုင်စေရေး၊ ငွေကြေးဝန်ဆောင်မှုအနေဖြင့် ငွေကြေးဈေးကွက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ အခြေခံပညာကဏ္ဍအတွက် လိုအပ်လျက်ရှိသော ဆရာအရေအတွက် ရရှိရေး နှင့် ဆရာများ၏ အရည်အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းများအား KG+12 ပညာရေးစနစ်သစ်နှင့် လိုက် လျောညီထွေဖြစ်စေရေး ဆောင်ရွက်ရန်၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြည်သူ့ဆေးရုံ များ အဆင့်မြှင့်တင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန်၊ ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေး ပင်စင်ဆက်လက်ထောက်ပံ့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းတို့ ဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်များကြောင့် ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးခြင်းတို့ကို ဆောင်ရွက်ရန် လျာထားပါသည်။

ဘဏ္ဍာရေးမူဝါဒ

အခွန်မူဝါဒ

- ထိရောက်ကောင်းမွန်သော အခွန်ကောက်ခံမှုစနစ်ဖြင့် နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ် ပေါ်ပေါက်စေပြီး ငွေကြေးလည်ပတ်မှုကို မှန်ကန်စေ၍ ငွေကြေးဖောင်းပွမှု မပေါ်ပေါက်အောင် ထိန်းသိမ်းပေးရန်၊
- မေခရိုစီးပွားရေး တည်ငြိမ်စေရန်နှင့် အမျိုးသားစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊
- နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များ အကောင်အထည်ဖော်ရေးကို အထောက်အကူဖြစ်စေပြီး နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသော အခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန်၊
- ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံရရှိရေး ICT နည်းပညာများ တိုးချဲ့ အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်ရန်၊
- ထိရောက်ကောင်းမွန်သော အခွန်ကောက်ခံမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန်နှင့် အဂတိတရား ကင်းရှင်းစေရန်တို့ အတွက် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ် (Self Assessment System) သို့ ကူးပြောင်းဆောင်ရွက်မှုများ ဆက်လက် အကောင်အထည်ဖော်ရန်၊
- ကိုဗစ်-၁၉ ကာလ၊ ကိုဗစ်-၁၉ အလွန်ကာလတို့တွင် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေး ကုစားမှု အစီအစဉ်၊ စီးပွားရေးပြန်လည် ထူထောင်မှုအစီအစဉ်တို့နှင့်အညီ အခွန်အကောက် ရငွေများကိုရည်မှန်းထားသည့်အတိုင်း အပြည့် အဝကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်။

ဘဏ္ဍာရေးမူဝါဒ (အဆက်)

အသုံးစရိတ်မူဝါဒ

သာမန်အသုံးစရိတ်မူဝါဒ

၁။ ဝန်ထမ်းအင်အားအသစ် ခန့်အပ်ခြင်းများအတွက် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒနှင့်အညီ ခန့်အပ်နိုင်မည့် ဦးရေ၊ အမှန်ခန့်အပ်နိုင်မည့် အချိန်ကာလတို့ကို အသေးစိတ်တွက်ချက် ဆောင်ရွက်ရန်၊

၂။ အုပ်ချုပ်မှုသုံး စက်သုံးဆီ၊ လုပ်ငန်းသုံးစက်သုံးဆီများကို ရန်ပုံငွေခွင့်ပြုဘောင်အတွင်း လောက်ငအောင်သုံးစွဲရန်၊

၃။ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်ရန်တို့အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များ တိုးမြှင့်ပေးရန်၊

၄။ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေးနှင့် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာအသုံးစရိတ်များ တိုးမြှင့်ပေးရန်။

ငွေလုံးငွေရင်းအသုံးစရိတ်မူဝါဒ

၁။ ရုံးအသစ်တည်ဆောက်ခြင်း၊ ရုံးတိုးချဲ့ခြင်း၊ သင်တန်းကျောင်း တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းများကို အနည်းဆုံး လိုအပ်ချက်ဖြင့် ဆောက်လုပ်ရန်၊

၂။ ရုံးသုံးစက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူမှုကို အနည်းဆုံးလိုအပ်ချက်ဖြင့် ဆောင်ရွက်ရန်၊

၃။ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်ရန်တို့အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်ရေးဆိုင်ရာ အသုံးစရိတ်များ ဦးစားပေးရန်၊

၄။ ဆေးရုံ၊ ကျောင်း၊ တက္ကသိုလ်၊ သက်မွေးပညာသင်ကျောင်း၊ အားကစားကွင်းဆိုင်ရာ အသုံးစရိတ်များ ဦးစားပေးရန်။

ကြွေးမြီအသုံးစရိတ်မူဝါဒ

၁။ နှစ်အတွင်းပြန်လည်ပေးဆပ်ရမည့် အရင်း၊ အတိုးများကို ဦးစားပေးရန်၊

၂။ ရရှိထားပြီးသော သို့မဟုတ် ရရန်သေချာသော ချေးငွေများကိုသာ လျာထားရန်၊

၃။ သက်သာမှုရှိသော ချေးငွေကိုသာ ရွေးချယ်ရယူရန်၊

၄။ ချေးငွေကို ငွေသားဖြင့်ရယူ၍ ထပ်ဆင့်ထုတ်ချေးထားသော ချေးငွေများ ပြန်လည်ပေးဆပ်မှုကို အဆိုပါ ချေးငွေများ ပြန်လည်ကောက်ခံရရှိသည့် ငွေဖြင့်သာ ပေးဆပ်ရန်။

ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဥပဒေပြဋ္ဌာန်းခြင်းအစီအစဉ်

စဉ်	အကြောင်းအရာ	အချိန်ဇယား
၁	စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကဘတ်ဂျက်အမှာစာထုတ်ပြန်ခြင်း	၂၅-၁၁-၂၀၂၂
၂	ဌာနများကဘတ်ဂျက်များနောက်ဆုံးထားပေးပို့ရမည့်ရက်	၁၆-၁၂-၂၀၂၂
၃	ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၊ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးကော်မတီ (ငွေလုံးငွေရင်း)တို့ကစိစစ်ခြင်း	၁၆-၁၂-၂၀၂၂ မှ ၃-၁-၂၀၂၃ ထိ
၄	စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး တို့က စိစစ်ခြင်း	၁၆-၁-၂၀၂၃ မှ ၁၇-၂-၂၀၂၃ ထိ
၅	ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌက စိစစ်ခြင်း	၉-၃-၂၀၂၃
၆	ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း	၂၁-၃-၂၀၂၃
၇	စီးပွားရေးရာကော်မတီသို့တင်ပြခြင်း	၂၂-၃-၂၀၂၃
၈	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြခြင်း	၂၈-၃-၂၀၂၃
၉	နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခြင်း	၃၀-၃-၂၀၂၃
၁၀	ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကိုနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အတည်ပြုခြင်း	၃၁-၃-၂၀၂၃

အပိုင်း(၂)
၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း

ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ ပြည်နယ်များ၏အရအသုံးခန့်မှန်းခြေငွေစာရင်း

(ကျပ်ဘီလီယံ)

အကြောင်းအရာ	ပြည်ထောင်စု	တိုင်းဒေသကြီး/ပြည်နယ်
ရငွေ	၂၅,၃၆၄.၃၆၄	၂,၈၇၇.၂၀၀
သာမန်	၂၂,၁၇၄.၂၇၉	၂,၇၉၀.၂၄၄
ငွေလုံးငွေရင်း	၂၅၄.၄၄၀	၁၄၅.၁၈၃
ကြွေးမြီ	၂,၉၃၅.၆၄၅	၄၁.၇၇၃
အသုံးစရိတ်	၃၃,၁၇၅.၀၅၃	၂,၈၇၇.၂၀၀
သာမန်	၂၄,၈၆၃.၄၄၉	၁,၀၁၉.၄၀၄
ငွေလုံးငွေရင်း	၆,၃၈၅.၃၃၀	၁,၉၅၂.၁၆၄
ကြွေးမြီ	၁,၉၂၆.၂၇၄	၅.၆၃၂
ပိုငွေ(+)/လိုငွေ(-)	(-) ၇,၈၁၀.၆၈၉	
ဂျီဒီပီတန်ဖိုး		၁၃၈,၁၉၅.၇၀၃
လိုငွေနှင့်ဂျီဒီပီအချိုး		၅.၆၅%

*တိုင်းဒေသကြီး/ပြည်နယ် ရငွေတွင် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းအတွက် ကျပ် ၁,၉၈၁.၂၀၁ ဘီလီယံ ပါဝင်ပါသည်။

**ပြည်ထောင်စု၏အသုံးစရိတ်တွင် တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းများအတွက် ကျပ် ၁,၉၈၁.၂၀၁ ဘီလီယံ ပါဝင်ပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ သာမန်၊ ငွေလုံးငွေရင်း နှင့် ကြွေးမြီ ရငွေများခန့်မှန်းချက်

စဉ်		အကြောင်းအရာ	ရငွေ (ကျပ်သန်း)	စုစုပေါင်း ရငွေတွင် ပါဝင်မှု ရာခိုင်နှုန်း	ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်း
၁		**သာမန်ရငွေ**	၂၂,၁၇၄,၂၇၉.၇၀၇	၈၇.၄၂%	၁၆.၀၅%
	၁	အခွန်အကောက်ရငွေ	၈,၀၅၂,၁၀၅.၄၅၅	၃၁.၇၄%	၅.၈၃%
	၂	အခြားသာမန်ရငွေ*	၇၈၀,၁၄၈.၅၈၅	၃.၀၇%	၀.၅၇%
	၃	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ (နိုင်ငံတော်ထည့်ဝင်ငွေ)	၁,၇၆၅,၁၀၇.၃၆၆	၆.၉၆%	၁.၂၈%
	၄	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ (ဘဏ္ဍာရန်ပုံငွေအတွင်း)	၈,၀၄၇,၃၇၈.၁၄၀	၃၁.၇၃%	၅.၈၂%
	၅	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ (ဘဏ္ဍာရန်ပုံငွေပြင်ပ)	၁,၉၃၆,၄၈၉.၅၀၇	၇.၆၃%	၁.၄၀%
	၆	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၁,၄၈၂,၅၅၈.၆၆၄	၅.၈၅%	၁.၀၇%
	၇	အတိုးရငွေ	၇၃,၇၉၄.၃၅၅	၀.၂၉%	၀.၀၅%
	၈	ထောက်ပံ့ငွေရငွေ	၁၄,၉၂၈.၄၃၂	၀.၀၆%	၀.၀၁%
	၉	ပြည်ပအကူအညီရငွေ (သာမန်)	၂၁,၇၆၉.၂၀၃	၀.၀၉%	၀.၀၂%
၂		**ငွေလုံးငွေရင်းရငွေ**	၂၅၄,၄၃၉.၇၂၈	၁.၀၁%	၀.၁၈%
	၁	ငွေလုံးငွေရင်းရငွေ	၈,၄၀၄.၃၉၃	၀.၀၄%	၀.၀၁%
	၂	ပြည်ပအကူအညီရငွေ (ငွေလုံးငွေရင်း)	၂၄၆,၀၃၅.၃၃၅	၀.၉၇%	၀.၁၇%
၃		**ကြွေးမြီရငွေ**	၂,၉၃၅,၆၄၄.၈၂၃	၁၁.၅၇%	၂.၁၂%
	၁	ထုတ်ချေးငွေအတွက်ပြန်ရငွေ	၇၃၅,၉၅၀.၈၁၅	၂.၉၀%	၀.၅၃%
	၂	ချေးယူရငွေ	၂,၁၅၃,၆၅၇.၈၇၇	၈.၄၉%	၁.၅၆%
	၃	အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ	၄၆,၀၃၆.၁၃၁	၀.၁၈%	၀.၀၃%
		စုစုပေါင်း (၁+၂+၃)	၂၅,၃၆၄,၃၆၄.၂၅၈	၁၀၀.၀၀%	၁၈.၃၅%

*အခြားသာမန်ရငွေများတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၏ အခြားသာမန်ရငွေနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များနှင့်နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ အခွန်အကောက်ရငွေနှင့် အခြားသာမန်ရငွေများပါဝင်ပါသည်။ အခြားသာမန်ရငွေတွင် ပစ္စည်းများရောင်းချခြင်းနှင့်ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ဒဏ်ငွေများနှင့်အခြားရငွေများ ပါဝင်ပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရငွေရရှိမှု ရာခိုင်နှုန်း



အခြားရငွေများတွင် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ရငွေများနှင့် ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေများပါဝင်ပါသည်။

ပြည်ထောင်စု၏ ကောက်ခံရရှိမည့် အခွန်ခေါင်းစဉ်ကြီးလေးမျိုးအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တို့၏ မူလခန့်မှန်းခြေနှိုင်းယှဉ်ပြပုံ



ပြည်ထောင်စု၏ ကောက်ခံရရှိမည့် အခွန်အကောက်ရငွေခန့်မှန်းချက်
၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တို့၏ မူလခန့်မှန်းခြေနှိုင်းယှဉ်ပြဇယား

(ကျပ်သန်းပေါင်း)

စဉ်		အခွန်အမျိုးအစား	၂၀၂၂-၂၀၂၃ မူလခန့်မှန်းခြေ	၂၀၂၃-၂၀၂၄ မူလခန့်မှန်းခြေ
၁		ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်	၃,၇၀၄,၃၅၀.၃၁၀	၃,၇၈၃,၅၆၆.၂၄၀
	၁	ယစ်မျိုးခွန်	၁,၃၈၈.၂၇၅	၁,၄၇၄.၈၆၀
	၂	ကုန်သွယ်လုပ်ငန်းခွန်	၁,၇၈၇,၆၈၆.၃၇၉	၂,၁၀၃,၃၇၅.၆၀၈
	၃	သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ	၅,၀၀၀.၀၀၀	၆,၂၆၅.၀၀၀
	၄	မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု	၉၀,၀၀၀.၀၀၀	၄၄,၁၈၁.၇၂၀
	၅	မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ	၂၀၁,၀၉၉.၉၁၄	၁၆၆,၅၅၇.၁၁၄
	၆	ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်	၈၈,၄၀၁.၁၀၈	၉၈,၂၀၃.၅၈၆
	၇	ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက်လိုင်စင်ကြေး	၆၇၀.၉၈၅	၅၀၅.၁၈၄
	၈	အထူးကုန်စည်ခွန်	၁,၅၁၁,၅၈၄.၁၆၇	၁,၁၃၈,၃၂၀.၉၀၆
	၉	ရတနာခွန်	၁၂,၅၁၉.၄၈၂	၁,၇၆၈၂.၂၆၂
	၁၀	ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှရရှိသည့်အခကြေးငွေများ	၆,၀၀၀.၀၀၀	၇,၀၀၀.၀၀၀
၂		**ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်**	၂,၁၃၄,၆၄၈.၇၈၄	၃,၀၀၀,၇၆၇.၉၁၈
	၁	ဝင်ငွေခွန်	၂,၁၃၄,၆၄၈.၇၈၄	၃,၀၀၀,၇၆၇.၉၁၈
၃		**အကောက်ခွန်**	၄၆၀,၀၀၀.၀၀၀	၄၆၀,၀၀၀.၀၀၀
	၁	အကောက်ခွန်	၄၆၀,၀၀၀.၀၀၀	၄၆၀,၀၀၀.၀၀၀
၄		**နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက်**	၇၀၀,၀၉၄.၅၆၃	၈၀၇,၇၇၁.၂၉၇
	၁	မြေယာပေါ်တွင် ကောက်ခံသည့်အခွန်	၃၀.၄၃၃	၄၃.၀၉၈
	၂	ရေခွန်	၇၀.၃၆၀	၅၁.၁၁၃
	၃	တာတမံခွန်	၀.၉၉၆	၀.၃၃၆
	၄	သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်	၆,၄၇၅.၃၅၄	၃,၈၄၄.၇၀၈
	၅	ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့်အလှဆင်ကျောက်များမပါ)	၅၆.၂၀၀	၅၆.၆၅၀
	၆	ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ	၄,၅၀၃.၃၀၀	၅,၀၀၃.၃၀၀
	၇	ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်	၄၄၄,၈၃၃.၃၅၉	၆၂၆,၁၇၅.၆၂၄
	၈	ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်	၃၃,၉၀၉.၇၃၅	၁၁,၁၆၃.၀၀၀
	၉	ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့်ကောက်ခံသည့်အခွန်အခ	၁၉၆,၁၀၄၉.၄၄၂	၁၂၆,၇၀၄.၈၁၀
	၁၀	ရေအားအရင်းအမြစ်မှလျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက်အခမဲ့ရရှိသည့်ဓာတ်အားခ	၁၁,၉၀၅.၁၆၂	၁၂,၇၅၈.၄၇၂
	၁၁	မြေလွတ်မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံ ရရှိသည့် အခွန်	၂,၁၆၀.၀၂၂	၁,၇၇၀.၁၆၆
		စုစုပေါင်း	၇,၁၇၉,၀၉၃.၆၅၇	၈,၀၅၂,၁၀၅.၄၅၅

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ သာမန်၊ ငွေလုံးငွေရင်း နှင့် ကြွေးမြီ အသုံးစရိတ်များ ခန့်မှန်းချက်

စဉ်		အကြောင်းအရာ	သုံးငွေ (ကျပ်သန်း)	စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း	ဂျီဒီပီတွင် ပါဝင်မှု ရာခိုင်နှုန်း
၁		**သာမန်အသုံးစရိတ်**	၂၄,၈၆၃,၄၄၉.၃၉၄	၇၄.၉၄%	၁၇.၉၉%
	၁	ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ)	၈,၅၆၅,၅၁၉.၁၉၃	၂၅.၈၂%	၆.၂၀%
	၂	အတိုးပေးငွေ	၂,၈၈၄,၇၀၉.၃၅၆	၈.၆၉%	၂.၀၉%
	၃	ထောက်ပံ့ငွေအသုံးစရိတ်	၂,၄၂၈,၅၀၀.၂၁၅	၇.၃၂%	၁.၇၆%
	၄	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း)	၈,၁၂၃,၈၃၄.၂၅၁	၂၄.၄၉%	၅.၈၈%
	၅	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ)	၁,၈၃၉,၅၂၁.၀၃၃	၅.၅၄%	၁.၃၃%
	၆	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၉၀၆,၃၆၅.၃၄၆	၂.၇၃%	၀.၆၅%
	၇	အရေးပေါ်ရန်ပုံငွေ	၁၁၅,၀၀၀.၀၀၀	၀.၃၅%	၀.၀၈%
၂		**ငွေလုံးငွေရင်းအသုံးစရိတ်**	၆,၃၈၅,၃၂၉.၇၇၄	၁၉.၂၅%	၄.၆၂%
	၁	ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏အသုံးစရိတ် (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှအပ)	၅,၁၀၂,၀၇၅.၆၅၄	၁၅.၃၈%	၃.၆၉%
	၂	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း)	၁,၁၅၁,၇၉၆.၆၅၀	၃.၄၇%	၀.၈၃%
	၃	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ)	၁၁၉,၄၇၄.၀၆၄	၀.၃၆%	၀.၀၉%
	၄	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၁၁,၉၈၃.၄၀၆	၀.၀၄%	၀.၀၁%
၃		**ကြွေးမြီအသုံးစရိတ်**	၁,၉၂၆,၂၇၄.၁၆၂	၅.၈၁%	၁.၃၉%
	၁	ဝန်ကြီးဌာန၊အဖွဲ့အစည်းများ၏အသုံးစရိတ် (နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှအပ)	၁,၀၉၄,၃၁၀.၅၄၃	၃.၃၀%	၀.၇၉%
	၂	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း)	၇၉၁,၄၀၂.၄၁၂	၂.၃၈%	၀.၅၇%
	၃	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ)	၃၈,၇၉၇.၂၀၇	၀.၁၂%	၀.၀၃%
	၄	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၁,၇၆၄.၀၀၀	၀.၀၁%	
		စုစုပေါင်း (၁+၂+၃)	၃၃,၁၇၅,၀၅၃.၃၃၀	၁၀၀.၀၀%	၂၄.၀၀%

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်တွင် ဌာန၊ အဖွဲ့အစည်းအုပ်စုအလိုက် ပါဝင်မှုရာခိုင်နှုန်း



ပြည်ထောင်စု၏စုစုပေါင်းအသုံးစရိတ်တွင်ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့၏ အသုံးစရိတ်များပါဝင်မှုရာခိုင်နှုန်း



အပိုင်း(၃)
နိုင်ငံတော်၏ကြွေးမြီအခြေအနေ

ပြည်တွင်းပြည်ပကြွေးမြီအခြေအနေ

(ကျပ်ဘီလီယံ)

အကြောင်းအရာ	၂၀၁၇-၂၀၁၈	၂၀၁၈ (၆) လ	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂ (၆ လ)	၂၀၂၂-၂၀၂၃ (၃၁-၁၂-၂၀၂၂ ထိ)
ပြည်တွင်းကြွေးမြီ	၂၀,၇၂၅	၂၂,၂၈၇	၂၅,၂၄၄	၃၀,၅၉၇	၃၉,၈၈၉	၄၂,၄၄၄	၄၅,၂၈၅
ဂျီဒီပီတွင်ပါဝင်မှုရာခိုင်နှုန်း	၂၂.၉၁%	၂၃.၆၄%	၂၃.၉၈%	၂၇.၁၃%	၃၆.၈၆%	၃၇.၄၀%	၃၆.၃၄%
ပြည်ပကြွေးမြီ	၁၃,၉၇၄	၁၃,၂၆၃	၁၅,၅၀၆	၁၇,၀၄၀	၁၈,၃၆၇	၁၇,၃၇၂	၂၂,၃၂၉
ဂျီဒီပီတွင်ပါဝင်မှုရာခိုင်နှုန်း	၁၅.၄၅%	၁၄.၀၇%	၁၄.၇၃%	၁၅.၁၁%	၁၆.၉၇%	၁၅.၃၁%	၁၇.၉၂%
စုစုပေါင်းကြွေးမြီ	၃၄,၆၉၉	၃၅,၅၅၀	၄၀,၇၅၀	၄၇,၆၃၇	၅၈,၂၅၆	၅၉,၈၁၆	၆၇,၆၁၄
ဂျီဒီပီတွင်ပါဝင်မှုရာခိုင်နှုန်း	၃၈.၃၆%	၃၇.၇၁%	၃၈.၇၁%	၄၂.၂၄%	၅၃.၈၃%	၅၂.၇၁%	၅၄.၂၆%

အပိုင်း (၄)

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အသုံးစရိတ်ကောက်နုတ်ချက်များ

စဉ်	ဝန်ကြီးဌာန/ အဖွဲ့အစည်း	အကြောင်းအရာ	ငွေရပ် (ကျပ်ဘီလီယံ)
၁	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး	➢ ကျိုင်းတုံ၊ လားရှိုး၊ တာချီလိတ်၊ မိုင်းဆတ် လေဆိပ်များ အပါအဝင် လေဆိပ်များ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသုံးစရိတ်	၄၀.၄၅၂
		➢ ရထားစက်ခေါင်းသစ် (၃) ခေါင်း အပါအဝင် စက်ခေါင်း စက်ရုံများတွင် စက်ခေါင်းများ ပြုပြင်ခြင်း၊ အစားထိုး တပ်ဆင်ခြင်း အတွက် အသုံးစရိတ်	၂၀.၄၂၃
၂	နယ်စပ်ရေးရာ	➢ လမ်းနှင့်တံတားများ တည်ဆောက်ခြင်း	၄၃.၉၀၄
		➢ တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ခြင်း	၂.၅၄၄
၃	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း	➢ စိုက်ပျိုးရေးနှင့်မွေးမြူရေး အထောက်အကူပြု စက်ကိရိယာများ ဝယ်ယူရန်အတွက် အသုံးစရိတ်	၄၅.၁၂၄
		➢ ဆီထွက်သီးနှံစိုက်ပျိုးရေးအတွက် အသုံးစရိတ်	၂.၅၆၇
၄	သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး	➢ လမ်းနှင့်တံတားအသုံးစရိတ်	၆၁.၀၄၃
		➢ ကုန်ထုတ်လမ်းနှင့်ကျေးလက်လမ်းအသုံးစရိတ်	၂၁.၉၆၆
		➢ ရေရရှိရေး အသုံးစရိတ်	၁၉.၁၀၈
		➢ ဆိုလာဖြင့် မီးလင်းရေးအသုံးစရိတ်	၂၇.၂၁၉
၅	လျှပ်စစ်စွမ်းအား	➢ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း အသုံးစရိတ်	၂၃၀.၃၆၄
		➢ ရေအားလျှပ်စစ်စီမံကိန်းအသစ်များစူးစမ်းလေ့လာခြင်း	၁.၄၄၉
		➢ တည်ဆောက်ပြီး ရေလှောင်တမံများ၊ ရေအားလျှပ်စစ်စက်ရုံများနှင့်ဆက်စပ်ရေအားအဆောက်အအုံများ ပြုပြင်ခြင်း	၂.၇၄၇
		➢ ဆောင်ရွက်ဆဲရေအားလျှပ်စစ်စီမံကိန်းများအတွက် လိုအပ်သော ပံ့ပိုးပစ္စည်းများဝယ်ယူဖြည့်တင်းခြင်း	၂.၉၆၄
		➢ ရွှေလီ (၃)၊ အထက်ရဲရွာ၊ သူဌေး၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းများအပါအဝင်ရေအားလျှပ်စစ်စီမံကိန်းများအတွက် အသုံးစရိတ်	၁၆၂.၇၇၃
		➢ ဓာတ်အားပေးစက်ရုံများတည်ဆောက်ခြင်း	၆.၉၁၈

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	အကြောင်းအရာ	ငွေရပ် (ကျပ်ဘီလီယံ)
	လျှပ်စစ်စွမ်းအား	➢ ဓာတ်အားပေးစက်ရုံများ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ရန် Spare Parts များ ဝယ်ယူခြင်း	၂၁.၁၀၇
		➢ ဓာတ်အားပေးစက်များ/စက်ရုံများ ပြင်ဆင်ခြင်း	၃၆.၂၀၅
		➢ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှဆောင်ရွက်ခြင်း	၁၂၇.၃၅၀
		➢ ကျေးလက်ဒေသ မီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်ခြင်း	၂.၉၆၉
		➢ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှဆောင်ရွက်ခြင်း	၄၅.၆၇၅
		➢ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှဆောင်ရွက်ခြင်း	၄၄.၉၀၃
		➢ ဓာတ်အားဝယ်ယူခြင်းအသုံးစရိတ်	၂,၆၉၅.၉၀၃
၆	စွမ်းအင်	➢ ကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်းများအတွက် လုပ်ငန်း ကုန်ကျစရိတ် (Cash Call) အသုံးစရိတ်	၅၂၅.၂၄၄
		➢ ဓာတ်မြေသြဇာစက်ရုံ(ကျောက်စွာ)၊(မြောင်းတကာ)နှင့် (ကန်ကြီးထောင့်) များ လည်ပတ်နိုင်ရေး အသုံးစရိတ်	၆၄.၀၆၁
၇	စက်မှု	➢ အမှတ် (၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ် (၂) သံမဏိ စက်ရုံ (ပင်းပက်)အတွက် စက်နှင့် စက်ပစ္စည်းများ ဝယ်ယူရန် အသုံးစရိတ်	၆.၈၅၄
		➢ ဆေးဝါးထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန် အသုံးစရိတ်	၂၀.၄၅၅
၈	လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား	➢ ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း ကောက်ယူရေးလုပ်ငန်းနှင့် e-ID လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အသုံးစရိတ်	၁၄.၁၉၅
၉	စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး	➢ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း တည်ဆောက်ရေး အသုံးစရိတ်	၂.၇၄၆
၁၀	ပညာရေး	➢ ပညာသင်စရိတ်နှင့် အခမဲ့ပညာသင်စရိတ် (အဆင့်မြင့်)	၇.၈၀၅
		➢ စာသင်ဆောင်၊ ကျောင်းသား/သူအိပ်ဆောင်၊ စာကြည့်တိုက်၊ ဆရာ/ဆရာမဆောင်နှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း	၂၇.၇၇၃
		➢ ပညာရေးဒီဂရီကောလိပ် (၂၅) ကျောင်း၏ Year (1,2,3) Semester (1.2)ကျောင်းသားကိုင် ပုံနှိပ်စာအုပ်များ ရိုက် နှိပ်ခြင်း	၁.၈၉၄

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	အကြောင်းအရာ	ငွေရပ် (ကျပ်ဘီလီယံ)
	ပညာရေး	➢ အခြေခံပညာကျောင်းများတွင် ဆရာ/ ဆရာမနှင့် ရုံး ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားခြင်း	၄၉.၁၉၄
		➢ အခြေခံပညာကျောင်းများတွင် ဒေသဆိုင်ရာ သင်ရိုးများ သင်ကြားနိုင်ရန်အတွက် တိုင်းရင်းသားဘာသာသင် ဆရာ/ ဆရာမများနှင့် Volunteer Teacher တို့အား လုပ်အားခ ချီးမြှင့်ခြင်း	၂၂.၀၆၂
		➢ အခြေခံပညာကျောင်းများနှင့်ဘကကျောင်းများတွင် ကျောင်းဝတ်စုံ (၅၀၃၃၄၆၃) ဦးအတွက် ထောက်ပံ့ခြင်း	၂၅.၁၆၇
		➢ အခြေခံပညာကျောင်းများနှင့် ဘကကျောင်းများတွင် ခဲတံ၊ ဘောလ်ပင်၊ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ဗလာ စာအုပ်များ ထောက်ပံ့ခြင်း	၁၄၄.၂၃၂
		➢ အခြေခံပညာကျောင်းများနှင့် ဘကကျောင်းများတွင်ကျောင်း ဖွံ့ဖြိုး တိုးတက်မှုအစီအစဉ်အရ ကျောင်းထောက်ပံ့ကြေးများ ထောက်ပံ့ခြင်း	၅၄.၅၁၄
		➢ အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ခြင်း	၁၀၅.၀၄၂
		➢ (Grade-9, Grade-12) သင်ရိုးသစ်ဆွေးနွေးပွဲ/ သင်တန်းများဆောင်ရွက်ခြင်း	၁၆.၀၈၄
		➢ အခြေခံပညာကျောင်း(၂၉၃၂)ဆောင်ဆောက်လုပ်ခြင်း၊ စက်မှုစိုက်ပျိုးမွေးမြူရေးကျောင်း (၅၀) ဆောက်လုပ်ခြင်း နှင့် KG+12 သင်ရိုးသစ် အကောင်အထည်ဖော်မှုအရ ကျောင်းဆောင်သစ် (၃၃၀) ဆောက်လုပ်ခြင်း	၃၄၁.၇၇၀
		➢ မြန်မာစာအဖွဲ့ရည်ညွှန်းစာကြည့်တိုက် အဆောက်အအုံ (၁) လုံး တည်ဆောက်ခြင်း	၀.၈၅၇
		➢ Naypyitaw State Academy အတွက် (၆) ထပ် စာသင်ဆောင် (၁) လုံးနှင့် (၄) ထပ်စာသင်ဆောင် (၂)လုံး တည်ဆောက်ခြင်း	၈.၁၁၄
၁၁	သိပ္ပံနှင့်နည်းပညာ	➢ နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ် (၃၇) ကျောင်းတွင် Physics Lab နှင့် Chemistry Lab ခန်းများ အဆင့်မြှင့်တင်ခြင်း	၃.၃၄၁
		➢ နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ် (၃၆) ကျောင်းတွင် Hybrid Solar System များတပ်ဆင်ခြင်း	၅.၆၈၈
		➢ နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ် (၆၀) ကျောင်းတွင် Exsoft Language Lab Express Edition License Software တပ်ဆင်ခြင်း	၁.၁၃၄

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	အကြောင်းအရာ	ငွေရပ် (ကျပ်ဘီလီယံ)
	သိပ္ပံနှင့်နည်းပညာ	➢ ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် ဂျပန်-မြန်မာ အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း တည်ထောင် ဖွင့်လှစ် နိုင်ရေးအတွက် Consultant ငှားရမ်းခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သင်ထောက်ကူ ပစ္စည်းများ ဝယ်ယူခြင်း	၁၆.၉၇၃
		➢ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် ဆောင်ရွက်မည့် Strengthing TVET Management and Upskilling TVET Personnel to Meet Industry Demand Reflecting IR 4.0 အတွက် လုပ်အားခများ ပေးချေခြင်းနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခြင်း	၀.၈၇၇
		➢ သုတေသနလုပ်ငန်းများအတွက် လုပ်ငန်းသုံးစက်ပစ္စည်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းများ ဖြည့်စွက်ဆောင်ရွက်ခြင်းနှင့် နည်းပညာစာအုပ်များဝယ်ယူခြင်း	၁.၉၇၁
၁၂	ကျန်းမာရေး	➢ ကျန်းမာရေးဌာနများအတွက်ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူခြင်း	၅၃.၇၄၃
		➢ ပုံမှန်ဆေးဝယ်ယူရန်အတွက် Gavi နှင့် UNICEF သို့ ထည့်ဝင်ငွေ	၂၂.၈၉၀
		➢ ခုခံကျ/ကာလသားရောဂါနှင့်တီဘီရောဂါများအတွက် ဆေးများ ဝယ်ယူခြင်း	၄၃.၀၅၀
		➢ ဆေးခန်းများဆောက်လုပ်ခြင်း	၉.၃၅၃
		➢ ဝန်ထမ်းအိမ်ရာများတည်ဆောက်ခြင်း	၁၀.၀၉၇
		➢ ရုံးအဆောက်အဦနှင့်အခြားအဆောက်အဦများ တိုးချဲ့ဆောက်လုပ်ခြင်း	၂.၇၇၀
		➢ ဆေးရုံများအတွက် ဆေးဝါးဝယ်ယူခြင်း	၁၄၅.၀၀၀
		➢ စက်ကိရိယာများပြင်ဆင်ခြင်းနှင့်အဆောက်အဦများ ပြင်ဆင်ထိန်းသိမ်းခြင်း	၁၈.၆၀၀
		➢ တည်ဆောက်ရေးလုပ်ငန်းများ	၈၅.၄၂၃
		➢ ဆေးဘက်ဆိုင်ရာကိရိယာများဝယ်ယူခြင်း	၅၂.၆၇၅
		➢ ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂ၊ ယာဉ်များဝယ်ယူခြင်း	၆.၁၁၂
		➢ တိုင်းရင်းဆေးပညာဦးစီးဌာနအတွက် ရုံးအဆောက်အဦများဆောက်လုပ်ခြင်း	၂.၂၇၁
		➢ ဓာတ်ခွဲခန်းတွင်အသုံးပြုရန်အတွက် စက်နှင့်စက်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း	၁.၉၁၉

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	အကြောင်းအရာ	ငွေရပ် (ကျပ်ဘီလီယံ)
၁၃	အားကစားနှင့် လူငယ်ရေးရာ	➢ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် (၃၂) ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် Para SEA Game၊ တရုတ်နိုင်ငံတွင် ကျင်းပမည့် Asia Game အသုံးစရိတ်	၄.၇၅၀
		➢ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပဲခူးတိုင်းနှင့် မွန်ပြည် နယ်တို့တွင် ဆောင်ရွက်ဆဲ အားကစား ကွင်း/ရုံ များတည် ဆောက်ခြင်း	၅.၄၀၀
		➢ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ရန်ကုန်တိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် လုပ်ငန်းသစ်များ ဆောင်ရွက်ခြင်း	၅.၁၅၇
၁၄	ဆောက်လုပ်ရေး	➢ လမ်းနှင့်တံတားများဆောက်လုပ်ခြင်း	၆၀၉.၁၅၅
		➢ အိမ်ရာများဆောက်လုပ်ခြင်း	၁၅.၀၀၀
၁၅	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး	➢ ကချင်၊ ကရင်၊ ချင်း၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် ကလေး ပျော်နေရာ (၂၀) ခုဖွင့်လှစ်ခြင်းနှင့် တိုင်းဒေသကြီး/ ပြည် နယ်များတွင် ရှေးဦးကလေးသူငယ် ဘက်စုံဖွံ့ဖြိုးမှု ရရှိစေရေး အတွက် မိခင် ဝိုင်း (၈၂၀) ဝိုင်း ဖွင့်လှစ်ခြင်း	၁.၈၇၁
		➢ သင်တန်းကျောင်းအခြေပြု စောင့်ရှောက်ထားသော ကလေး သူငယ်များအတွက် ကလေးသူငယ်များဘဝ ပြန်လည်ထူ ထောင်ရေး၊ ဘဝရှင်သန် ရပ်တည်နိုင်ရေးအတွက် ပညာ သင်ကြားပေးခြင်း၊ အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ကြားပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်း	၃.၄၈၇
		➢ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ အမျိုးသမီး စောင့်ရှောက်ရေးလုပ်ငန်းနှင့် သက်ကြီးရွယ်အို စောင့်ရှောက် ရေးလုပ်ငန်းများအတွက် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ အား ထောက်ပံ့ခြင်း	၅.၀၄၃
		➢ သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ ပုံနှိပ်ထုတ်ဝေခြင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား များ၊ မြန်မာနှစ်ဆန်း (၁) ရက်နေ့ သက်ကြီးပူဇော်ပွဲများ ကျင်း ပခြင်းနှင့် အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးရွယ်အို (၁) ဦးလျှင် တစ်လ ကျပ် ၁၀,၀၀၀/- နှုန်းဖြင့် (၆) လစာ လူမှုရေး ပင်စင် ထောက်ပံ့ခြင်း	၁၂.၇၃၅
		➢ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ကရင်ပြည်နယ်၊ ကယားပြည် နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကိုယ်ဝန် ဆောင်မိခင်များ အား (၁) ဦးလျှင် ကျပ် ၁၅,၀၀၀/- နှုန်းဖြင့် (၃)လစာ ထောက်ပံ့ခြင်း	၁၉.၁၈၆

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	အကြောင်းအရာ	ငွေရပ် (ကျပ်ဘီလီယံ)
	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး	➢ သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက ဘေးသင့်ပြည်သူများအား အစားအစာရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့နိုင်ရေးအတွက် ဖြည့်တင်းခြင်း	၁.၇၅၆
		➢ သဘာဝဘေးနှင့်လူ့ပယောဂကြောင့် ဖြစ်ပွားရသော ဘေးများနှင့် စပ်လျဉ်းသည့် ဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီခြင်း၊ ရခိုင်ပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာသူများနှင့် ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအတွက် လိုအပ်သည်များ ကူညီထောက်ပံ့ခြင်း	၈.၆၁၇
၁၆	ဟိုတယ်နှင့် ခရီးသွားလာရေး	➢ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအသုံးစရိတ်	၀.၃၅၂

လျှပ်စစ်ကဏ္ဍ

မြန်မာတစ်နိုင်ငံလုံးတွင် မီးလင်းပြီးနှင့် မီးလင်းရန်ကျန်ရှိ အခြေအနေ

ဘဏ္ဍာရေးနှစ်	သုံးစွဲခဲ့သည့် အသုံးစရိတ် (ကျပ်သန်း)	မီးလင်းပြီး				ဓာတ်အားစနစ်ဖြင့် မီးလင်းရန်ကျန်		မီးလင်းရန် ကျန် ကျေးရွာ	အိမ်ထောင်စုအလိုက် လျှပ်စစ်ဓာတ်အား ရရှိသည့် ရာခိုင်နှုန်း
		မြို့	ကျေးရွာ			မြို့	ကျေးရွာ		
			ဓာတ်အား စနစ်	အခြား	စုစုပေါင်း				
၂၀၁၇-၂၀၁၈	၃,၂၇၇,၄၇၂.၀၀၀	၃၄၆	၁၁,၅၉၄	၂၀,၇၅၉	၃၂,၃၅၃	၁၄၃	၅၁,၆၇၀	၃၀,၉၁၁	၃၉.၈၅%
၂၀၁၈-၂၀၁၉	၄,၄၃၇,၁၁၉.၉၄၈	၃၆၄	၁၄,၀၃၄	၂၀,၁၁၂	၃၄,၁၄၆	၁၂၅	၄၉,၂၃၀	၂၉,၁၁၈	၄၅.၃၅%
၂၀၁၉-၂၀၂၀	၆,၀၁၃,၃၅၁.၀၂၆	၃၇၈	၁၉,၁၃၇	၁၈,၁၁၀	၃၇,၂၄၇	၁၁၁	၄၄,၁၂၇	၂၆,၀၁၇	၅၆.၁၅%
၂၀၂၀-၂၀၂၁	၄,၇၆၉,၆၉၇.၀၀၂	၃၆၀	၂၃,၁၃၂	၁၆,၆၄၄	၃၉,၇၇၆	၁၀၇	၃၇,၉၈၂	၂၃,၄၈၁	၆၀.၈၂%
၂၀၂၁-၂၀၂၂ (၆) လ	၂,၉၉၉,၈၈၁.၁၆၈	၃၆၃	၂၃,၆၀၅	၁၆,၅၆၃	၄၀,၁၆၈	၁၀၉	၃၉,၆၁၄	၂၃,၀၅၁	၆၂.၄၄%
၂၀၂၂-၂၀၂၃ (ယာယီအမှန်)	၆,၁၈၈,၆၅၃.၆၃၄	၄၇၁	၂၅,၂၉၁	၁၆,၀၈၅	၄၁,၃၇၆	-	၃၇,၉၂၄	၂၁,၈၃၉	၆၅.၆၅%
၂၀၂၃-၂၀၂၄ (မူလခန့်မှန်းခြေ)	၆,၄၉၉,၅၉၈.၅၃၆	၄၇၁	၂၇,၂၄၃	၁၆,၂၅၄	၄၃,၄၉၇	-	၃၅,၉၇၂	၁၉,၇၁၈	၆၆.၈၄%

ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အပိုင်း (၅)
၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အသုံးစရိတ်တွင် ပါဝင်သည့်ရာခိုင်နှုန်း



၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ

စုစုပေါင်း ရငွေ ကျပ် ၁၂,၁၂၆ ဘီလီယံ	သာမန်ရငွေ ကျပ် ၁၁,၄၆၆ ဘီလီယံ ငွေလုံးငွေရင်းရငွေ ကျပ် ၁၇ ဘီလီယံ ကြွေးမြီရငွေ ကျပ် ၆၄၃ ဘီလီယံ
စုစုပေါင်းသုံးငွေ * ကျပ် ၁၂,၉၈၅ ဘီလီယံ	သာမန်သုံးငွေ ကျပ် ၁၀,၈၇၀ ဘီလီယံ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၁,၂၈၃ ဘီလီယံ ကြွေးမြီသုံးငွေ ကျပ် ၈၃၂ ဘီလီယံ
နိုင်ငံတော်သို့ပေးဆောင်မည့်အခွန်များ ** ကျပ် ၈၅၇ ဘီလီယံ	ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၃၁၀ ဘီလီယံ အထူးကုန်စည်ခွန် ကျပ် ၁၂၉ ဘီလီယံ ဝင်ငွေခွန် ကျပ် ၄၁၈ ဘီလီယံ
နိုင်ငံတော်သို့ထည့်ဝင်ငွေ	***ကျပ် ၁,၇၆၆ ဘီလီယံ

စုစုပေါင်းသုံးငွေ*ကျပ် ၁၂,၉၈၅ ဘီလီယံတွင် နိုင်ငံတော်သို့ ပေးဆောင်မည့် အခွန်ခန့်မှန်းခြေ **ကျပ် ၈၅၇ ဘီလီယံနှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေခန့်မှန်းခြေ ***ကျပ် ၁,၇၆၆ ဘီလီယံ စုစုပေါင်း ကျပ် ၂,၆၂၃ ဘီလီယံ ပါဝင်ပါသည်။

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ဘဏ္ဍာရေးနှစ်အလိုက်အခွန်နှင့်ထည့်ဝင်ငွေအခြေအနေ

(ကျပ်ဘီလီယံ)

စဉ်	ဘဏ္ဍာရေးနှစ် (အမှန်စာရင်း)	ကုန်သွယ်လုပ်ငန်းခွန်	အထူးကုန်စည်ခွန်	ဝင်ငွေခွန်	နိုင်ငံတော်သို့ ထည့်ဝင်ငွေ	စုစုပေါင်း	ပြည်ထောင်စု၏ စုစုပေါင်းရငွေတွင် ပါဝင်မှုရာခိုင်နှုန်း
၁	၂၀၁၇-၂၀၁၈	၃၂၂.၆၆၇	၃၀၁.၃၈၉	၄၂၁.၃၄၇	၈၀၄.၄၄၅	၁,၈၄၉.၈၄၈	၁၀.၃၉%
၂	၂၀၁၈-၂၀၁၉	၃၈၄.၈၉၀	၄၂၃.၉၄၃	၅၅၈.၄၃၀	၉၃၀.၀၆၆	၂,၂၉၇.၃၂၉	၁၀.၆၄%
၃	၂၀၁၉-၂၀၂၀	၃၂၉.၇၃၇	၂၂၉.၈၆၂	၈၃၅.၄၇၅	၂,၄၉၄.၆၇၃	၃,၈၈၉.၇၄၇	၁၅.၄၇%
၄	၂၀၂၀-၂၀၂၁	၃၀၆.၂၀၆	၈၅.၂၁၃	၄၂၁.၄၂၂	၁,၄၀၁.၁၉၈	၂,၂၁၄.၀၃၉	၁၂.၅၉%
၅	၂၀၂၁-၂၀၂၂ (၆)လ (ရှေ့ပြေးအမှန်စာရင်း)	၁၄၉.၃၅၅	၆၄.၆၂၉	၂၄၉.၁၉၈	၁,၀၄၂.၇၀၂	၁,၅၀၅.၈၈၄	၁၂.၁၄%
၆	၂၀၂၂-၂၀၂၃ (ပြုပြင်ပြီးခန့်မှန်းခြေ)	၃၁၉.၂၁၉	၁၂၄.၃၁၀	၅၂၆.၄၁၃	၂,၄၇၀.၉၇၉	၃,၄၄၀.၉၂၁	၁၃.၈၅%
၇	၂၀၂၃-၂၀၂၄ (မူလခန့်မှန်းခြေ)	၃၁၀.၃၄၈	၁၂၈.၈၁၈	၄၁၇.၈၉၂	၁,၇၆၅.၆၀၈	၂,၆၂၂.၆၆၆	၁၀.၃၄%

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ရငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း UFA-SEE Account သို့ ပေးသွင်း၍ အသုံးစရိတ်များအားလုံးကိုလည်း ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း UFA-SEE Account မှပင် ကျခံသုံးစွဲ၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ရငွေများအားလုံးကို မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်း၍ အသုံးစရိတ်များအားလုံးကိုလည်း မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေစာရင်းမှ ကျခံသုံးစွဲဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် သာမန်စာရင်း၌ ကုန်သွယ်မှု (အရှုံး/အမြတ်) စာရင်းအရ ရရှိသော အမြတ်ငွေအပေါ်တွင် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ကျန်ရှိသောအမြတ်ငွေအားလုံးကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရမည် ဖြစ်ပါသည်။

(ဃ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် သာမန်စာရင်း၌ ကုန်သွယ်မှု (အရှုံး/အမြတ်) စာရင်းအရ ရရှိသောအမြတ်ငွေအပေါ်တွင် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ဝင်ငွေခွန်ပေးဆောင်ရန်နှင့် ကျန်ရှိသောအမြတ်ငွေမှ နိုင်ငံတော်သို့ ထည့်ဝင်ရန် သတ်မှတ်ထားသည့် ရာခိုင်နှုန်းအလိုက် နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရမည် ဖြစ်ပါသည်။

(င) ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ထည့်ဝင်ငွေကို (၃) လပတ်လျှင် တစ်ကြိမ်နှုန်း ဖြင့် (၄) ကြိမ်ခွဲ၍ ထည့်ဝင်ရမည် ဖြစ်ပါသည်။

အပိုင်း (၆)
၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရ၊ အသုံး ခန့်မှန်းချက်

(ကျပ်သန်းပေါင်း)

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	ရငွေ	သုံးငွေ	ပိုငွေ (+)/လိုငွေ(-)
၁	ကချင်	၁၈,၀၀၆.၀၆၇	၁၇၄,၄၆၄.၀၉၀	-၁၅၆,၄၅၈.၀၂၃
၂	ကယား	၆,၄၈၆.၉၉၁	၈၄,၁၀၃.၁၄၂	-၇၇,၆၁၆.၁၅၁
၃	ကရင်	၁၂,၉၇၈.၁၂၁	၁၁၉,၂၂၁.၃၁၈	-၁၀၆,၂၄၃.၁၉၇
၄	ချင်း	၆,၉၂၇.၁၀၉	၁၂၆,၃၉၁.၆၁၇	-၁၁၉,၄၆၄.၅၀၈
၅	စစ်ကိုင်း	၂၅,၄၈၉.၉၀၇	၂၅၃,၉၆၆.၇၆၅	-၂၂၈,၄၇၆.၈၅၈
၆	တနင်္သာရီ	၁၂,၄၉၅.၃၁၆	၁၄၇,၁၄၀.၅၂၄	-၁၃၄,၆၄၅.၂၀၈
၇	ပဲခူး	၄၁,၉၄၅.၇၈၄	၁၇၅,၆၂၇.၂၄၀	-၁၃၃,၆၈၁.၄၅၆
၈	မကွေး	၂၆,၅၉၉.၄၄၃	၁၈၅,၃၄၂.၃၀၉	-၁၅၈,၇၄၂.၈၆၆
၉	မန္တလေး	၁၃၃,၉၃၅.၈၇၀	၂၅၆,၇၀၄.၈၃၃	-၁၂၂,၇၆၈.၉၆၃
၁၀	မွန်	၁၈,၉၅၀.၈၀၇	၁၁၅,၃၄၂.၄၅၅	-၉၆,၃၉၁.၆၄၈
၁၁	ရခိုင်	၁၈,၉၈၉.၄၁၉	၁၈၇,၇၉၄.၅၄၆	-၁၆၈,၈၀၅.၁၂၇
၁၂	ရန်ကုန်	၅၉၀,၆၆၁.၅၆၀	၆၉၈,၀၉၁.၆၂၆	-၁၀၇,၄၃၀.၀၆၆
၁၃	ရှမ်း	၄၄,၁၅၈.၃၄၉	၂၇၇,၅၂၀.၅၂၇	-၂၃၃,၃၆၂.၁၇၈
၁၄	ဧရာဝတီ	၃၈,၃၇၄.၅၂၆	၁၇၅,၄၈၉.၀၄၃	-၁၃၇,၁၁၄.၅၁၇
	ပေါင်း	၉၉၅,၉၉၉.၂၆၉	၂,၉၇၇,၂၀၀.၀၃၅	-၁,၉၈၁,၂၀၀.၇၆၆
၁၅	ပြည်ထောင်စုမှလိုငွေဖြည့်ဆည်းခြင်း (ထောက်ပံ့ငွေ)	၁,၉၈၁,၂၀၀.၇၆၆		+ ၁,၉၈၁,၂၀၀.၇၆၆
	စုစုပေါင်း	**၂,၉၇၇,၂၀၀.၀၃၅**	**၂,၉၇၇,၂၀၀.၀၃၅**	

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်
တိုင်းဒေသကြီး/ ပြည်နယ်များ၏ရငွေ (ပြည်ထောင်စုမှလိုငွေဖြည့်ဆည်းပေးပြီး)အခြေအနေ

(ကျပ်သန်းပေါင်း)

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	တိုင်းဒေသကြီး/ ပြည်နယ်များ၏ရငွေ				ပြည်ထောင်စုမှ ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းခြင်း	ပေါင်း
		အခွန်အကောက်	အခြားရငွေ	ပြည်ထောင်စုမှ ခွဲဝေပေးသည့် အခွန်ဝေစု	အရေးပေါ် ရန်ပုံငွေ		
၁	ကချင်	၂,၄၂၈.၇၆၀	၉,၆၅၄.၆၆၇	၄,၉၂၂.၆၄၀	၁,၀၀၀.၀၀၀	၁၅၆,၄၅၈.၀၂၃	၁၇၄,၄၆၄.၀၉၀
၂	ကယား	၄၂၆.၃၁၂	၁,၈၈၁.၆၃၆	၃,၁၇၉.၀၄၃	၁,၀၀၀.၀၀၀	၇၇,၆၁၆.၁၅၁	၈၄,၁၀၃.၁၄၂
၃	ကရင်	၁,၀၄၅.၉၅၀	၆,၅၃၁.၁၃၇	၄,၄၀၁.၀၃၄	၁,၀၀၀.၀၀၀	၁၀၆,၂၄၃.၁၉၇	၁၁၉,၂၂၁.၃၁၈
၄	ချင်း	၆၆၇.၇၃၂	၇၅၅.၈၈၅	၄,၅၀၃.၄၉၂	၁,၀၀၀.၀၀၀	၁၁၉,၄၆၄.၅၀၈	၁၂၆,၃၉၁.၆၁၇
၅	စစ်ကိုင်း	၈,၀၈၀.၂၂၆	၁၀,၃၂၉.၀၀၂	၆,၀၈၀.၆၇၉	၁,၀၀၀.၀၀၀	၂၂၈,၄၇၆.၈၅၈	၂၅၃,၉၆၆.၇၆၅
၆	တနင်္သာရီ	၂,၄၀၃.၇၅၃	၄,၇၇၀.၀၆၀	၄,၃၂၁.၅၀၃	၁,၀၀၀.၀၀၀	၁၃၄,၆၄၅.၂၀၈	၁၄၇,၁၄၀.၅၂၄
၇	ပဲခူး	၁၁,၃၅၁.၈၉၁	၂၄,၄၈၆.၇၀၈	၅,၁၀၇.၁၈၅	၁,၀၀၀.၀၀၀	၁၃၃,၆၈၁.၄၅၆	၁၇၅,၆၂၇.၂၄၀
၈	မကွေး	၄,၀၃၃.၁၀၄	၁၆,၁၆၀.၁၆၇	၅,၄၀၆.၁၇၂	၁,၀၀၀.၀၀၀	၁၅၈,၇၄၂.၈၆၆	၁၈၅,၃၄၂.၃၀၉
၉	မန္တလေး	၄၁,၁၁၉.၀၈၉	၇၄,၂၆၅.၅၉၈	၁၇,၅၅၁.၁၈၃	၁,၀၀၀.၀၀၀	၁၂၂,၇၆၈.၉၆၃	၂၅၆,၇၀၄.၈၃၃
၁၀	မွန်	၄,၀၃၈.၄၆၆	၁၀,၅၄၄.၇၉၁	၃,၃၆၇.၅၅၀	၁,၀၀၀.၀၀၀	၉၆,၃၉၁.၆၄၈	၁၁၅,၃၄၂.၄၅၅
၁၁	ရခိုင်	၁,၇၅၄.၄၂၆	၁၀,၅၀၈.၃၂၉	၅,၇၂၆.၆၆၄	၁,၀၀၀.၀၀၀	၁၆၈,၈၀၅.၁၂၇	၁၈၇,၇၉၄.၅၄၆
၁၂	ရန်ကုန်	၈၁,၆၃၄.၆၉၀	၃၀၆,၀၂၉.၈၆၈	၂၀၁,၉၉၇.၀၀၂	၁,၀၀၀.၀၀၀	၁၀၇,၄၃၀.၀၆၆	၆၉၈,၀၉၁.၆၂၆
၁၃	ရှမ်း	၄,၆၆၇.၉၇၂	၂၇,၂၄၄.၉၀၆	၁၁,၂၄၅.၄၇၁	၁,၀၀၀.၀၀၀	၂၃၃,၃၆၂.၁၇၈	၂၇၇,၅၂၀.၅၂၇
၁၄	ဧရာဝတီ	၁၄,၃၂၄.၇၃၃	၁၆,၅၈၁.၅၈၇	၆,၄၆၈.၂၀၆	၁,၀၀၀.၀၀၀	၁၃၇,၁၁၄.၅၁၇	၁၇၅,၄၈၉.၀၄၃
	စုစုပေါင်း	၁၇၇,၉၇၇.၁၀၄	၅၁၉,၇၄၄.၃၄၁	၂၈၄,၂၇၇.၈၂၄	၁၄,၀၀၀.၀၀၀	၁,၉၈၁,၂၀၀.၇၆၆	၂,၉၇၇,၂၀၀.၀၃၅

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်
တိုင်းဒေသကြီး/ပြည်နယ်များ၏ (ပြည်ထောင်စုမှ လိုငွေဖြည့်ဆည်းမပေးမီ)
သာမန်၊ ငွေလုံးငွေရင်း နှင့် ကြွေးမြီရငွေ အခြေအနေ

(ကျပ်သန်းပေါင်း)

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	သာမန်	ငွေလုံးငွေရင်း	ကြွေးမြီ	ပေါင်း
၁	ကချင်	၁၈,၀၀၆.၀၆၇			၁၈,၀၀၆.၀၆၇
၂	ကယား	၆,၄၈၆.၉၉၁			၆,၄၈၆.၉၉၁
၃	ကရင်	၁၂,၇၈၉.၉၀၉		၁၈၈.၂၁၂	၁၂,၉၇၈.၁၂၁
၄	ချင်း	၆,၉၂၇.၁၀၉			၆,၉၂၇.၁၀၉
၅	စစ်ကိုင်း	၂၅,၄၈၉.၉၀၇			၂၅,၄၈၉.၉၀၇
၆	တနင်္သာရီ	၁၂,၄၉၅.၃၁၆			၁၂,၄၉၅.၃၁၆
၇	ပဲခူး	၄၁,၉၄၁.၂၅၄	၄.၅၃၀		၄၁,၉၄၅.၇၈၄
၈	မကွေး	၂၆,၅၉၈.၂၃၅	၁.၂၀၈		၂၆,၅၉၉.၄၄၃
၉	မန္တလေး	၁၂၇,၈၁၈.၀၄၅	၅,၅၉၈.၄၂၈	၅၁၉.၃၉၇	၁၃၃,၉၃၅.၈၇၀
၁၀	မွန်	၁၇,၆၇၄.၇၁၀	၁,၂၆၁.၀၀၀	၁၅.၀၉၇	၁၈,၉၅၀.၈၀၇
၁၁	ရခိုင်	၁၃,၀၅၂.၉၆၅	၅,၉၃၆.၄၅၄		၁၈,၉၈၉.၄၁၉
၁၂	ရန်ကုန်	၄၁၇,၂၃၁.၈၆၆	၁၃၂,၃၇၉.၆၉၄	၄၁,၀၅၀.၀၀၀	၅၉၀,၆၆၁.၅၆၀
၁၃	ရှမ်း	၄၄,၁၅၆.၃၂၉	၂.၀၂၀		၄၄,၁၅၈.၃၄၉
၁၄	ဧရာဝတီ	၃၈,၃၇၄.၅၂၆			၃၈,၃၇၄.၅၂၆
	စုစုပေါင်း	၈၀၉,၀၄၃.၂၂၉	၁၄၅,၁၈၃.၃၃၄	၄၁,၇၇၂.၇၀၆	၉၉၅,၉၉၉.၂၆၉

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်
တိုင်းဒေသကြီး/ ပြည်နယ်များ၏ သာမန်၊ ငွေလုံးငွေရင်း နှင့် ကြွေးမြီ အသုံးစရိတ်အခြေအနေ

(ကျပ်သန်းပေါင်း)

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	သာမန်	ငွေလုံးငွေရင်း	ကြွေးမြီ	ပေါင်း
၁	ကချင်	၃၇,၀၂၆.၅၉၅	၁၃၇,၁၈၁.၃၅၅	၂၅၆.၁၄၀	၁၇၄,၄၆၄.၀၉၀
၂	ကယား	၂၁,၀၅၉.၁၆၃	၆၃,၀၄၃.၉၇၉		၈၄,၁၀၃.၁၄၂
၃	ကရင်	၂၄,၂၀၅.၅၁၈	၉၄,၉၅၆.၃၇၈	၅၉.၄၂၂	၁၁၉,၂၂၁.၃၁၈
၄	ချင်း	၃၅,၇၉၈.၅၂၂	၉၀,၅၉၃.၀၉၅		၁၂၆,၃၉၁.၆၁၇
၅	စစ်ကိုင်း	၉၂,၈၄၈.၀၉၃	၁၆၁,၀၄၁.၆၀၆	၇၇.၀၆၆	၂၅၃,၉၆၆.၇၆၅
၆	တနင်္သာရီ	၃၅,၈၃၇.၂၄၄	၁၁၁,၁၈၁.၉၁၆	၁၂၁.၃၆၄	၁၄၇,၁၄၀.၅၂၄
၇	ပဲခူး	၆၇,၃၉၈.၃၄၂	၁၀၈,၀၄၃.၄၈၅	၁၈၅.၄၁၃	၁၇၅,၆၂၇.၂၄၀
၈	မကွေး	၈၀,၅၇၃.၇၉၃	၁၀၄,၇၂၁.၅၁၆	၄၇.၀၀၀	၁၈၅,၃၄၂.၃၀၉
၉	မန္တလေး	၁၁၉,၄၅၄.၂၄၉	၁၃၆,၁၃၂.၅၇၄	၁,၁၁၈.၀၁၀	၂၅၆,၇၀၄.၈၃၃
၁၀	မွန်	၃၂,၈၅၉.၂၇၃	၈၂,၄၃၀.၂၂၂	၅၂.၉၆၀	၁၁၅,၃၄၂.၄၅၅
၁၁	ရခိုင်	၅၃,၉၉၈.၄၈၃	၁၃၃,၆၉၈.၃၅၈	၉၇.၇၀၅	၁၈၇,၇၉၄.၅၄၆
၁၂	ရန်ကုန်	၂၆၃,၂၁၆.၉၆၈	၄၃၁,၆၂၄.၅၈၀	၃,၂၅၀.၀၇၈	၆၉၈,၀၉၁.၆၂၆
၁၃	ရှမ်း	၈၉,၄၄၄.၂၂၀	၁၈၇,၈၅၂.၆၂၇	၂၂၃.၆၈၀	၂၇၇,၅၂၀.၅၂၇
၁၄	ဧရာဝတီ	၆၅,၆၈၃.၇၃၂	၁၀၉,၆၆၂.၃၇၇	၁၄၂.၉၃၄	၁၇၅,၄၈၉.၀၄၃
	စုစုပေါင်း	၁,၀၁၉,၄၀၄.၁၉၅	၁,၉၅၂,၁၆၄.၀၆၈	၅,၆၃၁.၇၇၂	၂,၉၇၇,၂၀၀.၀၃၅

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းထောက်ပံ့ခြင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး နှင့် ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းထောက်ပံ့ခြင်းများ အတွက် **ကျပ်၁,၉၈၁.၂၀၁ ဘီလီယံ** လျာထားပါသည်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ် များသို့ လိုငွေဖြည့်ဆည်းထောက်ပံ့ခြင်း ရာခိုင်နှုန်း မှာ တစ်ဖက်ပါ အတိုင်းဖြစ်ပါသည်။



<u>**အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်**</u>-

ညွှန်ကြားရေးမှူး (ဝန်ကြီးဌာနများ၊ ဦးစီးဌာနများဘတ်ဂျက်ဌာနခွဲ-၁)	၀၆၇-၃၄၁၀၆၃၇
ညွှန်ကြားရေးမှူး (ဝန်ကြီးဌာနများ၊ ဦးစီးဌာနများဘတ်ဂျက်ဌာနခွဲ-၂)	၀၆၇-၃၄၁၀၅၈၆
ညွှန်ကြားရေးမှူး (ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ ဦးစီးဌာနများဘတ်ဂျက်ဌာနခွဲ-၃)	၀၆၇-၃၄၁၀၄၅၃
ညွှန်ကြားရေးမှူး (နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများဘတ်ဂျက်ဌာနခွဲ)	၀၆၇-၃၄၁၀၂၆၆
ညွှန်ကြားရေးမှူး (တိုင်းဒေသကြီးနှင့်ပြည်နယ်ဘဏ္ဍာရေးဌာနခွဲ)	၀၆၇-၃၄၁၀၅၈၄
ညွှန်ကြားရေးမှူး (သုတေသန၊သတင်းအချက်အလက်နည်းပညာနှင့် နိုင်ငံတကာဆက်ဆံရေးဌာနခွဲ)	၀၆၇-၃၄၁၀၅၈၅
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေးမူဝါဒ၊ မဟာဗျူဟာဌာနခွဲနှင့် သဘာဝသယံဇာတ အရင်းအမြစ်များထုတ်ယူသုံးစွဲမှုလုပ်ငန်းများပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးဌာနခွဲ)	၀၆၇-၃၄၁၀၅၃၃

ဤစာအုပ်နှင့်ပတ်သက်၍အကြံပြုလိုပါကအောက်ပါ email သို့မဟုတ်ရုံးလိပ်စာသို့ပေးပို့နိုင်ပါသည်-

email: citizensbudget@gmail.com

ရုံးလိပ်စာ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ရုံးအမှတ်(၂၆)၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊နေပြည်တော်။

ဤစာအုပ်ကိုအောက်ပါ website တွင်လည်းကူးယူနိုင်ပါသည်-

website: www.mopf.gov.mm , www.myanmar.gov.mm

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
MOPF
Ministry of Planning and Finance

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
Budget Department

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကထုတ်ဝေပါသည်။